# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက် (၃/၂၀၁၈)

၁။ လူမှုကွန်ရက်မီဒီယာများနှင့် သတင်းဂျာနယ်များတွင် သက်ငယ်မုဒိမ်းမှုများဖြစ်ပွားနေသည့် သတင်းများကို မကြာခဏတွေ့ရှိနေရပါသည်။ သက်ငယ်မုဒိမ်းမှုများကို ၂၀၁၆ ခုနှစ် က ၆၇၁ မှုနှင့် ၂၀၁၇ ခုနှစ်တွင် ၈၉၇ မှုဖြစ်ပွားခဲ့ခြင်းကြောင့် ၂၂၆ မှုပိုမိုလာပါသည်။ အသက် ၁၆ နှစ်အထက် မုဒိမ်းမှုမှာ ၂၀၁၆ ခုနှစ်တွင် ၄၂၉ မှုနှင့် ၂၀၁၇ ခုနှစ်တွင် ၅၀၈ မှု ဖြစ်ပွား ခဲ့ခြင်းကြောင့် ၇၉ မှုပိုမို လာပါသည်။ မုဒိမ်းမှုစုစုပေါင်းမှာ၂၀၁၆ ခုနှစ်က ၁၁၀၀ မှုနှင့် ၂၀၁၇ ခုနှစ်တွင် ၁၄၀၅ မှုဖြစ်ပွားခဲ့ ခြင်းကြောင့် ယခင်နှစ်ကထက် ၃၀၅ မှုပိုမိုလာသည်ကို တွေ့ရှိရပါသည်။

၂။ ထိုကဲ့သို့ သက်ငယ်မုဒိမ်းမှုများနှင့် ၁၆ နှစ်အထက် မိန်းကလေးများ မုဒိမ်းကျင့်ခံရခြင်းသည် ကလေးသူငယ်များအပါအဝင် အမျိုးသမီးအခွင့်အရေးများ ထိခိုက်မှုပင်ဖြစ်ပါသည်။ အချို့အမှုများ တွင် မုဒိမ်းမှုကျူးလွန်သည့်အပြင် ပစ္စည်းလုယက်ခြင်း၊ လူသတ်၍ အလောင်းဖျောက်ခြင်းစသည့် ရက်စက်သောရာဇဝတ်မှုများကိုပါ ကျူးလွန်လာသည်ကိုလည်း တွေ့ရှိရပါသည်။ ယင်းဖြစ်ရပ်များ သည် ကလေးသူငယ်များနှင့် အမျိုးသမီးများ၏ ဘဝလုံခြုံမှုကို ခြိမ်းခြောက်နေသည့်အပြင် မိဘ များအတွက် စိုးရိမ်သောကရောက်နေရသည့် အခြေအနေများဖြစ်ပါသည်။

၃။ သို့ဖြစ်၍ အဆိုပါမုဒိမ်းမှုကျူးလွန်မှုများ၊ အထူးသဖြင့် သက်ငယ်မုဒိမ်းမှုကျူးလွန်မှုများကို မဖြစ်ပွားစေရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် ကြိုတင်ကာကွယ်မှုများပြုလုပ်ကြပြီး၊ ပြစ်မှုကျူး လွန်သူကို အမြန်ဆုံးဖော်ထုတ် ဖမ်းဆီးနိုင်ရေး ပြည်သူတစ်ရပ်လုံးမှ ပူးပေါင်းပါဝင် ဆောင်ရွက်ကြ ပါရန်နှင့် ပြစ်မှုကျူးလွန်သူများကို ထိရောက်ပြင်းထန်စွာ ပြစ်ဒဏ်ပေးနိုင်ရေး ဆောင်ရွက်နိုင်ပါရန် သက်ဆိုင်ရာတာဝန်ရှိသူများသို့ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်က အလေး အနက် တိုက်တွန်းအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်